တေဒဂ်ရ ပုဂ္ဂိုလ်ကျော်များ

အမှတ်စဉ် (၁၄)

တောကျောင်းနေတဲ့အရာ အသာဆုံး တေဒဂ်ရ

ရှားတောကျောင်းနေ အရှင်ရေဝတမထေရ်

ဘဝမှာ စိတ်အေးစရာ ကုသိုလ်တရားတွေ တိုးပွားဖို့ဆိုရင် ယောနိသော မနသိကာရ ဟာ မရှိမဖြစ် လိုအပ်လှပါတယ်။ 'ယောနိသော မနသိကာရ' ဆိုတာ 'အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ အမှန်အတိုင်း သိမြင်ခြင်း'လို့ ဆိုလိုတာပါ။ "ယောနိသော မနသိကာရ ရှိတဲ့သူမှာ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်ပေါ်လာတယ်၊ ဖြစ်ပြီးတဲ့ အကုသိုလ် တရားတွေ ဆုတ်ယုတ်တယ်"လို့ မြတ်စွာဘုရားရှင် ဟောကြားခဲ့တာကို အင်္ဂုတ္တိုရ် ဧကကနိပါတ်ပါဠိတော်မှာ မှတ်တမ်းတင်ထားပါတယ်။ ခု ဒီတစ်ပတ် နာယူကြည်ညိုကြမဲ့ အရှင်မြတ် အရှင်ရေဝတမထေရ်ဟာ မိဘတွေက သူနဲ့ အိမ်ထောင်ချပေးမဲ့ အမျိုးသမီးငယ်လေးနဲ့ အသက်တစ်ရာ့နှစ်ဆယ်ရှိပြီ ဖြစ်တဲ့ သူ့အဖွား၊ ဒီ အမျိုးသမီးနှစ်ဦးရဲ့ ရုပ်ဆင်းအင်္ဂါ ကွဲပြားခြားနားတဲ့ အခြေအနေကို ယောနိသော မနသိကာရ - ဉာဏ်မျက်စိနဲ့ မြင်အောင်ကြည့်ပြီး သံဝေဂယူလိုက်နိုင်တဲ့အတွက် မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ တိုးပွားပြီး, ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေ ကုန်ဆုံးကာ သံသရာလွတ်လမ်းကို တက်လှမ်းနိုင်ခဲ့ပါတယ်။

ဒီလို ယောနိသော မနသိကာရနှလုံးသွင်းနည်းမျိုးနဲ့ နှလုံးသွင်း ကျင့်ကြံတတ်စေဖို့ အထောက်အကူဖြစ်စေနိုင်တဲ့ အရှင်မြတ် အရှင်ရေဝတမထေရ်ရဲ့ ဘဝဖြစ်ရပ် အတ္ထုပ္ပတ်ကို ဒီတစ်ပတ်သင်တန်းမှာ နာယူကြည်ညို အသိပွားကြပါ့မယ်။

အာရညကင် ဓုတင် တေဒဂ် အမိပ္ပါယ်

အရှင်ရေဝတ မထေရ်ဆိုတာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ ညီအငယ်ဆုံး ဖြစ်ပါတယ်။ အာရညကင် - တောကျောင်းမှာနေတဲ့ ဓုတင်အရာ အသာဆုံး တေဒဂ်ရ အရှင်မြတ် ဖြစ်ပါတယ်။ အရည ဆိုတာက တော၊ ဝါသီ - ဆိုတာက နေလေ့ရှိသူ၊ ဒါ့ကြောင့် အရှင်မြတ်ဟာ အရညဝါသီ တောကျောင်းမှာ နေလေ့ရှိတဲ့ အရှင်မြတ်ပါ။ အခြားရဟန်းတော်များလဲ တောကျောင်းမှာ နေကြတာရှိပါတယ်။ ဒါပေမဲ့ အခြားရဟန်းတော်များ တောကျောင်းနေကြတဲ့အခါ တောလဲ သပ္ပါယဖြစ်မှ၊ ရေလဲ အဆင်ပြေ၊ ဆွမ်းခံရွာလဲ ပြည့်စုံမှ အဲဒီလို ရွေးချယ်ပြီးမှ တောကျောင်းမှာ နေကြတာ များပါတယ်။ အရှင်ရေဝတမထေရ်ကတော့ အဲဒီလို မဟုတ်ပါဘူး။ သပ္ပါယဖြစ်တာတွေ မရွေးချယ်ဘဲ ကျတ်တီး

မြေပြင်လဲဖြစ်၊ ကျောက်စရစ်ခဲတွေ ကျောက်ပြား ကျောက်တုံးတွေလဲ ပေါ၊ မြေပြင်ကလဲ မညီညာတဲ့ ရှားတောမှာ သီတင်းသုံးတော်မူပါတယ်။ ဒါ့ကြောင့် ဒီအရှင်မြတ်ကိုပဲ အာရညက-တောကျောင်းနေတဲ့ အရာမှာ အသာဆုံး တေဒဂ်အရာ ထားတော်မူတာဖြစ်ပါတယ်။

(က) အရှင်ရေဝတမထေရ်ရဲ့ ပါရမီဖြည့်ပုံ အတိတ်ဝတ္ထု

အရှင်ရေဝတမထေရ်လောင်း သူတော်ကောင်းဟာ ရှေးလွန်လေပြီးကာလ ပဒုမုတ္တရာမြတ်စွာ ဘုရားလက်ထက်တော်က ဟံသာဝတီမင်းနေပြည်မှာ ဖြစ်ခဲ့ပြီး၊ ယခုကာလ ဂင်္ဂါမြစ်ကြီးရဲ့ ပယာဂ ဆိပ်ကမ်းရှိတဲ့နေရာမှာ လှေကူးတို့ပို့တဲ့ လုပ်ငန်းနဲ့ အသက်မွေး ရပ်တည်နေခဲ့ပါတယ်။ အဲဒီအချိန်က ပဒုမုတ္တရာမြတ်စွာဘုရားရှင်ဟာ ရဟန်းတစ်သိန်းခြံရံပြီး ဒေသစာရီခရီး လှည့်လည်ရင်းက မြစ်တစ်ဖက်ကမ်း ကူးဖို့ရန်အတွက် ဂင်္ဂါမြစ်ဆိပ် ရောက်လာပါတယ်။ အဲဒီလှေကူးတို့သမား လှေသူကြီးဟာ မြတ်စွာဘုရားရှင်ကို ဖူးတွေ့လိုက်ရတာနဲ့ "ငါ့အတွက် အမြဲတမ်း ဘုရားဖူးရဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ဒီအချိန်ဟာ ငါ့အတွက် ကောင်းမှုကုသိုလ်ပြုလုပ်ဖို့ အခွင့်ကောင်း အခါကောင်းပဲ" လို့ တွေးကြံပြီး နောက် လှေတွေကို တွဲစပ်ကာ အဲဒီလှေတွဲကြီးရဲ့ အထက်မှာ အဝတ်မျက်နှာကြက်အဖြူ ဖွဲ့ကြက်, နံ့သာပန်းဆိုင်းတွေ တွဲလောင်းချ တန်ဆာဆင် ပူဇော်ပြီး အောက်ကြမ်းပြင်မှာလဲ ဆန်းကြယ် တဲ့အခင်းတွေ ခင်းကျင်းစေကာ ဘုရားအမှူးပြုတဲ့ သံဃာတော်တွေကို ဂင်္ဂါမြစ်တစ်ဖက်ကမ်း ကုသိုလ် ယူ ပို့ဆောင်ပေးခဲ့ပါတယ်။

ဒီအခါ မြတ်စွာဘုရားရှင်က တောကျောင်းနေရဟန်းတစ်ပါးကို အာရညကင်္ဂဓုတင် အရာ အသာဆုံး တေဒဂ်အရာထားတော်မူခဲ့ပါတယ်။ ဒါကို လှေသူကြီးက ဖူးမြင်တွေ့လိုက်ရပြီး "ငါလဲပဲ ဒီရဟန်းလို နောင်အနာဂတ် တစ်ဆူသော ဘုရားရှင်ရဲ့ သာသနာတော်မှာ တောကျောင်းနေ ရဟန်းတွေထဲမှာ အသာဆုံး ပုဂ္ဂိုလ် ဖြစ်မှတော်မယ်" လို့ ကြံစည်စဉ်းစားကာ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးနောက် ခုနစ်ရက်ကြာ မဟာဒါနအလှူကြီးကို ပေးလှူခဲ့ပြီး မြတ်စွာဘုရား ခြေတော်ရင်း ဝပ်စင်းကာ "မြတ်စွာဘုရား... အရှင်ဘုရားတို့ တေဒဂ်အရာထား ချီးမြှောက်ခဲ့တဲ့ ရဟန်းလို တပည့် တော်လဲ နောင်တစ်ဆူသော ဘုရားရှင်ရဲ့သာသနာတော်မှာ တောရဓုတင်ဆောင် တောနေရဟန်းတွေ ထဲမှာ အသာဆုံးပုဂ္ဂိုလ် ဖြစ်ရပါလို၏" လို့ ဆုတောင်းခဲ့ပါတယ်။ ပဒုမုတ္တရာမြတ်စွာဘုရားရှင်လဲ အန္တရာယ်အနှောက်အယှက်မရှိ ဆုတောင်းပြည့်မှာကို မြင်တော်မူပြီး "နောင်အနာဂတ် ဂေါတမဘုရား ရှင်ရဲ့ သာသနာတော်မှာ သင်ဟာ တောကျောင်းနေရဟန်းတော်တွေထဲမှာ အသာဆုံးပုဂ္ဂိုလ် ဖြစ်လိမ့်မယ်" လို့ ဗျာဒိတ်စကား မိန့်ကြားတော်မူပြီး ခရီးဆက်လက် ကြွချီသွားတော်မူခဲ့ပါတယ်။

(ခ) ပစ္စုပ္ပန်ဘဝဖြစ်ကြောင်းနဲ့ ရဟန်းပြုတော်မူပုံ

အရှင်မြတ်အလောင်း လေ့သူကြီးဟာ အသက်ထက်ဆုံး ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ပြီး အပါယ်လေးပါး မလားမရောက်ဘဲ နတ်ပြည် လူ့ပြည်တွေမှာ ကျင်လည်ရင်းက အကျွန်ုပ်တို့ ဂေါတမ မြတ်စွာဘုရား လက်ထက်တော် ရောက်လာတဲ့အခါ မဂဓတိုင်းက နာလကပုဏ္ဏားရွာမှာ သာရီပုဏ္ဏေးမ ကြီးရဲ့ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေနေခဲ့ပြီး အကိုတော်သုံးယောက်၊ အမတော်သုံးယောက်တို့ရဲ့ ညီထွေးအဖြစ်နဲ့ မွေးဖွားခဲ့ပါတယ်။ အမည်နာမအနေနဲ့ "ရေဝတ" လို့ တွင်ခဲ့ပါတယ်။ အကိုတော် သုံးယောက်က ဥပတိဿ၊ စုန္ဒ၊ ဥပသေနတို့ဖြစ်ပြီး၊ အမတော် သုံးယောက်က စာလာ၊ ဥပစာလာ၊ သီသူပစာလာတို့ဖြစ်ပါတယ်။ ဥပတိဿဆိုတာ အရှင်သာရိပုတ္တရာရဲ့ ငယ်နာမည် ဖြစ်တာမို့ ရေဝတဟာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးရဲ့ ညီအငယ်ဆုံး ဖြစ်ပါတယ်။

ရေဝတလေး နံနဲ ကြီးလာတဲ့အခါ မိဘတွေက "ကြီးလာတဲ့ ကလေးတိုင်း ကလေးတိုင်းကို သာကီဝင်မင်းသား မြတ်စွာဘုရားရဲ့ သားရဟန်းတွေက ခေါ်ဆောင်သွားပြီး ရဟန်းပြုပေးလိုက်ကြ တယ်၊ ငါတို့ရဲ့ သားလေး ရေဝတကိုတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ အိမ်ရာအနှောင်အဖွဲ့နဲ့ နှောင်ဖွဲ့ ထားကြစို့" လို့ တိုင်ပင်ခဲ့ကြတယ်။ အဲဒီအချိန်က အရှင်သာရိပုတ္တရာမထေရ်မြတ်က သူကိုယ်တိုင် ရဟန်းပြုပြီးတဲ့အခါ သူ့ရဲ့ နမသုံးယောက်နဲ့ ညီတွေဖြစ်တဲ့ စုန္ဒ၊ ဥပသေနတို့ကို ရှင်ရဟန်းပြု ပေးထားပြီး ဖြစ်ပါတယ်။ အိမ်မှာ အငယ်ဆုံး ရေဝတလေးပဲ ကျန်ခဲ့တာပါ။ ဒါ့ကြောင့် မိဘတွေက ရေဝတကိုပါ ရဟန်းပြုပေးမှာ စိုးရိမ်မိတဲ့အတွက် ခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ချထား ပေးဖို့ တိုင်ပင်ကြတာ ဖြစ်ပါတယ်။

ရေဝတသူငယ်ရဲ့ ယောနိသော မနသိကာရ

အဲဒီလို တိုင်ပင်ပြီးတဲ့နောက် ရေဝတရဲ့မိဘတွေဟာ အိမ်ထောင်ချပေးဖို့အတွက် ဂုဏ်ရည် တူမျိုးနွယ်က အမျိုးသမီးလေး တစ်ယောက်ကို ခေါ်ဆောင်လာပြီး အသက် တစ်ရာ့နှစ်ဆယ် ရှိပြီ ဖြစ်တဲ့ ရေဝတရဲ့အဖွားကို ကန်တော့ခိုင်းကာ "အို ချစ်သမီး....သင့်အဖွားထက် အသက်ရှည်တဲ့သူ ဖြစ်ပါစေ"လို့ ဆုတောင်းပေးခဲ့ကြတယ်။ ရေဝတဟာ မိဘတွေရဲ့ ဆုတောင်းစကားကို ကြားရတဲ့အခါ "ဒီသူငယ်မဟာ ပျိုမျစ်နုနယ် ငယ်ရွယ်ပြီး ပထမအရွယ်မှာပဲ ရှိသေးတယ်၊ ဒီသူငယ်မရဲ့ ပျိုမျစ်နုနယ် တင့်တယ်တဲ့ ရုပ်ရေအဆင်းဟာ ငါ့အဖွားလို ရွတ်တွယိုယွင်းပြီး အိုမင်းတဲ့အဆင်းရှိသူ ဖြစ်လိမ့်မတဲ့၊ ငါ့မိဘတွေရဲ့ အလိုဆန္ဒကို အရင် မေးဦးမှပဲ" လို့ တွေးတောကြံစည်ပြီး "အိုမိခင်ဖခင်တို့... သင်တို့ဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ခုလို ပြောဆိုခဲ့ကြတာပါလဲ"လို့ မေးမြန်းခဲ့ပါတယ်။ ဒီအခါ မိဘတွေက "ဒီ

သူငယ်မလေးဟာ သင့်အဖွားလို အသက်အရွယ်ကြီး အိုတဲ့အထိ ဖြစ်ပါစေ-လို့ ငါတို့က ဆုတောင်းပေးကြတာပါ”လို့ ဖြေကြတဲ့အခါ ရေဝတက “ဒီသူငယ်မရဲ့ ပျိုမျစ်နုနယ်တဲ့ ရုပ်ရေအဆင်းဟာ အဖွားရဲ့ အဆင်းလို အိုမင်းရင့်ရော်တဲ့အဆင်း ဖြစ်သွားမှာလား” လို့ မေးပြန်ပါတယ်။ ဒီအခါ မိဘတွေက “ချစ်သား... သင် ဘယ်လို ပြောလိုက်တာလဲ၊ ကုသိုလ်ကံကြီးတဲ့သူတွေသာ သင့်အဖွားလို အိုအောင် မင်းအောင် နေရတာကွဲ့” လို့ ရှင်းပြပါတယ်။

ရေဝတသူငယ်ဟာ “ဒီသူငယ်မရဲ့ ရုပ်ရည်အဆင်းဟာ အဖွားရဲ့ ရုပ်ရည်အဆင်းလို အရေတွေတွန့်၊ ဆံတွေဖြူ၊ သွား ကျိုးတာတွေ ဖြစ်ဦးမှာတဲ့၊ ငါဟာ ဒီလို အိုမင်းဖောက်ပြန်တတ်တဲ့ သဘောရှိတဲ့ ရုပ်ရေအဆင်းအပေါ် တပ်မက်နေလို့ ဘာအကျိုးရှိမလဲ၊ ငါ့နောင်တော်တွေ လျှောက်တဲ့လမ်းအတိုင်း ငါသွားတော့မယ်”လို့ တွေးတောကြံစည်ခဲ့ပါတယ်။ အဲဒီနောက် လူငယ်သဘာဝ အပျော်ကစားချင်ယောင်ဆောင်ပြီး အရွယ်တူ ကလေးတွေကို “သူငယ်ချင်းတို့... လာကြ၊ ပြေးတမ်းလိုက်တမ်း ကစားကြစို့”လို့ ခေါ်ကာ ဆော့ကစားကြပါတယ်။ မိဘတွေက “ချစ်သား...မင်္ဂလာဆောင်မဲ့နေ့မှာ အပြင်မသွားပါနဲ့”လို့ တားမြစ်ပါတယ်။ ဒါပေမဲ့လဲ ရေဝတဟာ သူ့သူငယ်ချင်းတွေနဲ့အတူ ကစားယောင်ဆောင်ပြီး သူပြေးရမဲ့အလှဲ့ ရောက်တဲ့အခါ အတန်ငယ်လောက်ပဲ ပြေးသွားခဲ့ပြီး ကိုယ်လက်သုတ်သင်တပိုတပါး သွားဟန်ပြုကာ ပြန်လာခဲ့တယ်။ နောက်တစ်ကြိမ် သူ့ ပြေးအလှဲ့ ရောက်တဲ့အခါမှာတော့ ပထမတစ်ခါထက် ခပ်မြန်မြန်လေးလို ပြေသွားပြီး ပြန်လာခဲ့ပါတယ်။ တတိယအကြိမ် ရောက်တဲ့အခါမှာတော့ “ဒီအချိန်က ထွက်ပြေးဖို့ ငါ့အတွက် အခွင့်ကောင်းပဲ”လို့ သိလိုက်ပြီး ခြေဦးတည့်ရာ ထွက်ပြေးခဲ့ကာ ပံသုကူစုတင်ဆောင် ရဟန်းတွေနေတဲ့ တောထဲ ရောက်သွားပြီးနောက် မထေရ်မြတ်တွေကို ရှိခိုးဦးချ ကန်တော့ပြီး ရှင်ပြုပေးရန် တောင်းပန်ခဲ့ပါတယ်။

ရေဝတသူငယ် ရှင်ရဟန်းပြု

ဒီအခါ မထေရ်မြတ်တွေက “အို သူတော်ကောင်း...သင် ဘယ်သူ့သားလဲ ဆိုတာ ငါတို့ မသိကြဘူး၊ ပြီးတော့ သင်ကလဲ အဆင်တန်ဆာတွေ ဆင်ယင်ထားတဲ့အတိုင်း ရောက်လာခဲ့တယ်၊ ဘယ်ပုဂ္ဂိုလ်က သင့်ကို ရှင်ပြုပေးဝံ့ပါ့မလဲ” လို့ မိန့်တော်မူကြတဲ့အတွက် ရေဝတသူငယ်က လက်နှစ်ဖက်ကို မြှောက်လိုက်ပြီး “တပည့်တော်ကို လုယက်နေကြပါတယ်ဘုရား၊ တပည့်တော်ကို လုယက်နေကြပါတယ်ဘုရား” လို့ အသံကျယ်ကြီးနဲ့ အော်မြည်လိုက်ပါတယ်။ ဒီအခါ ဟိုကဒီက ရဟန်းတွေ စုရုံးရောက်လာပြီး “အို သူတော်ကောင်း....ဒီအရပ်မှာ သင့်ရဲ့အဝတ်အစားတွေ လက်ဝတ်တန်ဆာတွေကို လုယက်တဲ့သူလဲ ဘယ်သူမှ မရှိပါဘူး၊ ပြီးတော့ သင်က ‘တပည့်တော်ကို လုယက်နေပါတယ်ဘုရား’ လို့ အော်ခဲ့တယ်၊ ဘယ်လို ရည်ရွယ်ချက်နဲ့ ခုလို အော်ရတာတုန်း” လို့ မေးမြန်းခဲ့ကြတယ်။

ရေဝတက "အရှင်မြတ်တို့ဘုရား...တပည့်တော်ဟာ အဝတ်တန်ဆာတွေကို ရည်ညွှန်း ပြီး ခုလို အော်ခဲ့တာ မဟုတ်ပါဘူး၊ တပည့်တော်မှာ လူ, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို လုယက် ခံနေရတာ ဖြစ်ပါတယ်ဘုရား၊ ဒါကို ရည်ရွယ်ပြီး တပည့်တော် အော်တာ ဖြစ်ပါတယ်ဘုရား၊ အရှင်မြတ် တို့ အရင်ဆုံး ရှင်မပြုပေးချင်ရင်လဲ ရှိပါစေဦး၊ တပည့်တော်ရဲ့ နောင်တော်ကိုတော့ သိကြတယ် မဟုတ်လားဘုရား" လို့ မေးမြန်းခဲ့ပါတယ်။ ဒီအခါ ရဟန်းတော်တွေက "သင့်နောင်တော် နာမည် ဘယ်လိုခေါ်လဲ" လို့ မေးကြတဲ့အတွက် ရေဝတက "တပည့်တော်ရဲ့ နောင်တော်နာမည်က လူ့ဘဝ တုန်းကတော့ ဥပတိဿလို့ ခေါ်ပါတယ်၊ ရဟန်းဘဝရောက်တော့ သာရိပုတ္တရာ လို့ ခေါ်ကြတယ် ပြော ကြတာပဲဘုရား"လို့ ပြန်လည် လျှောက်ထားခဲ့ပါတယ်။ ဒီအခါ ရဟန်းတော်တွေက "ငါ့ရှင်တို့.... ဒီလိုဆိုရင် ဒီသူငယ်လေးက ငါတို့ရဲ့ညီငယ်လေးပဲ၊ ငါတို့ရဲ့ နောင်တော်ကြီးဖြစ်တဲ့ တရားစစ်သူကြီး သာရိပုတ္တရာမထေရ်မြတ်က ရှေးတုန်းကထဲက 'ငါ့ရဲ့ ဆွေမျိုးတွေ အားလုံးက မိစ္ဆာဒိဋ္ဌိ အယူရှိသူတွေ ချည်းဖြစ်ကြတယ်၊ တစ်ယောက်ယောက်က ငါတို့ရဲ့ ဆွေမျိုးပဲလို့ ပြောပြီး ရောက်လာရင်၊ အဲဒီသူကို ဖြစ်နိုင်တဲ့နည်းနဲ့ ရှင်ရဟန်းပြုပေးလိုက်ပါ'လို့ ကြိုတင်ပြီး မိန့်တော်မူထားခဲ့တယ်။ ဒီသူငယ်ဟာ အရှင် သာရိပုတ္တရာမထေရ်မြတ်ကြီးရဲ့ အတွင်းကျတဲ့ ညီအရင်းတစ်ယောက်ဖြစ်တယ်၊ ဒါ့ကြောင့် ဒီသူငယ် ကို တို့ ရှင်ပြုပေးကြပါစို့" လို့ အားလုံး တိုင်ပင်ဆုံးဖြတ်ခဲ့ကြပြီး ရေဝတကို တစပဉ္စက ကမ္မဋ္ဌာန်း သင်ပေးကာ ရှင်ပြုပေးလိုက်ကြတယ်။ အဲဒီနောက် အသက်နှစ်ဆယ် ပြည့်တဲ့အခါ ရဟန်းခံပေးကြပြီး ကမ္မဋ္ဌာန်းတရားအာထုတ်နည်း သင်ပေးကာ တရားအလုပ် အားထုတ်စေခဲ့ကြတယ်။

ရဟန္တာဖြစ်တော်မူခဲ့

အရှင်ရေဝတမထေရ်ဟာ ကမ္မဋ္ဌာန်း သင်ယူပြီးတဲ့နောက် ဆရာဥပဇ္ဈာယ်တွေနဲ့ သိပ်မဝေးတဲ့ နေရာ မှာရှိတဲ့ ကြမ်းတမ်းတဲ့ ရှားတောထဲသွားပြီး ရဟန်းတရား အားထုတ်တော်မူခဲ့ပါတယ်။ အရှင်မြတ်ဟာ မေတ္တာကမ္မဋ္ဌာန်းကို အမြဲမပြတ် အားထုတ်ခဲ့တယ်။ သတ္တဝါတွေ ညှင်းဆဲခံရပါစေ၊ အသတ်ခံရပါစေ၊ ဒုက္ခရောက်ပါစေဆိုတဲ့ အတွေးမျိုး ဘယ်သောအခါမှ မတွေးခဲ့ဖူးပါဘူး။ ဒီလို မေတ္တာကမ္မဋ္ဌာန်း အမြဲတမ်းစီးဖြန်းပြီး နေတဲ့အတွက်ကြောင့် သားရဲတိရစ္ဆာန်တွေ ပေါတဲ့တောထဲမှာ အန္တရာယ်မရှိ သီတင်းသုံးနေနိုင်ခဲ့တာဖြစ်ပါတယ်။ အရှင်ရေဝတ မထေရ်ဟာ "အရဟတ္တဖိုလ်မရဘဲနဲ့ မြတ်စွာဘုရားကိုရော နောင်တော်မထေရ်ကိုပါ မဖူးမျှော်သေးဘူး"ဆိုတဲ့ အဓိဋ္ဌာန်ချက်နဲ့ တရားကြိုးစား အားထုတ်ခဲ့တာ သုံးလတောင် လွန်မြောက်လာခဲ့ပါတယ်။ သိမ်မွေ့နူးညံ့ပြီး ချမ်းချမ်း သာသာနေခဲ့ရတဲ့ သူဖြစ်တာမို့ ကြမ်းတမ်းတဲ့အစာအာဟာရ ဘောဇဉ်တွေ စားရတဲ့အတွက် သူ့ရဲ့ စိတ်တွေဟာလဲ အရေတွေ တွန့်လိပ်သလို တွန့်ဆုတ်နေခဲ့ပါတယ်၊ အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းဟာ ကိလေသာကနေ

လွတ်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်ကို မရောက်ပဲ ဖြစ်နေပါတယ်။ အရှင်ရေဝတမထေရ်ဟာ ဝါတွင်း သုံးလလွန်မြောက်လို့ ပဝါရဏာပြုပြီး ဝါကျွတ်ခဲ့ပေမဲ့ ဘယ်မှ မသွားဘဲ အဲဒီ ရွာတောမှာပဲ ဆက်လက် နေထိုင်ကာ ရဟန်းတရား အားထုတ်တော် မူခဲ့ပါတယ်။ အဲဒီလို ရဟန်းတရား ကြိုးစားအားထုတ် နေရင်းက သူ့ရဲ့စိတ်တွေဟာ တည်ကြည် ငြိမ်သက်လာပြီး သမာဓိတွေ တက်လာခဲ့တယ်၊ သူဟာ ဝိပဿနာဉာဏ်ကို ဆက်လက်ပွားများ အားထုတ်ခဲ့တဲ့အတွက် အရဟတ္တဖိုလ်ကို ရရှိခဲ့ပြီး ကိလေသာ အာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

အရှင်သာရိပုတ္တရာမထေရ်ဟာ ညီငယ်ရေဝတ ရှင်ရဟန်းပြုတဲ့အချိန်မှာပဲ မြတ်စွာဘုရားကို "မြတ်စွာဘုရား...တပည့်တော်ရဲ့ညီထွေး ရေဝတ ရှင်ရဟန်းပြုပါပြီတဲ့ဘုရား၊ သူ သာသနာ့ဘောင်မှာ ပျော်ချင်လဲ ပျော်နေမယ်, မပျော်ချင်လဲ မပျော် ဖြစ်နေမယ်ထင်ပါတယ်ဘုရား၊ တပည့်တော် သွားပြီး တော့ သူ့ကို တွေ့ပါရစေဘုရား" လို့ လျှောက်ထားပါတယ်။ မြတ်စွာဘုရားရှင်က အရှင်ရေဝတ ဝိပဿနာတရား ကြိုးစားအားထုတ်နေတာကို မြင်တော်မူတဲ့အတွက် နှစ်ကြိမ်တိုင်တိုင် တားမြစ်တော် မူခဲ့ပြီး၊ သုံးကြိမ်မြောက် တောင်းပန်တဲ့အခါ အရှင်ရေဝတ ရဟန္တာဖြစ်ပြီးတာကို သိတော်မူတဲ့အတွက် "သာရိပုတ္တရာ...ငါလဲပဲ လိုက်မယ်၊ ရဟန်းတွေကို ဒေသစာရီခရီး ကြွမည့်အကြောင်း ပြောကြားချေ" လို့ မိန့်တော်မူခဲ့ပါတယ်။ အရှင်သာရိပုတ္တရာမထေရ်ဟာ ရဟန်းသံဃာတွေကို စုဝေးစေပြီးနောက် "ငါ့ရှင်တို့...မြတ်စွာဘုရားရှင် ဒေသစာရီခရီး ကြွချီတော်မူလိုပါတယ်၊ လိုက်လိုတဲ့သူများ လာခဲ့ကြ" လို့ ရဟန်းအားလုံးကိုပဲ မိန့်ကြားခဲ့ပါတယ်။

မြတ်စွာဘုရား ဒေသစာရီ ခရီးကြွချီတဲ့အခါ မလိုက်ဘဲ နေရစ်တဲ့ ရဟန်းကတော့ အနည်းငယ် လောက်ပဲ ရှိတာပါ၊ အများအားဖြင့်တော့ "မြတ်စွာဘုရားရှင်ရဲ့ ရွှေအဆင်းနဲ့တူတဲ့အဆင်းရှိတော်မူတဲ့ ရူပကာယတော်ကိုလဲ ဖူးမျှော်ရလိမ့်မယ်၊ ချိုမြိန်တဲ့တရားစကားတော်ကိုလဲ နာကြားရလိမ့်မယ်"ဆိုတဲ့ အတွေးနဲ့ လိုက်လိုတဲ့ပုဂ္ဂိုလ်တွေကပဲ များပါတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားရှင်ဟာ ရဟန်းတော် အများအပြား ခြံရံကာ "ရေဝတကို တွေ့တော်မူမယ်" ဆိုပြီး ကျောင်းတော်ကနေ ခရီးထွက်တော် မူခဲ့ ပါတယ်။

အဲဒီလို ခရီးကြွတော်မူတဲ့အခါ တစ်နေရာမှာ အရှင်အာနန္ဒာမထေရ်ဟာ လမ်းဆုံလမ်းနစ်ခွ ရောက်လို့ မြတ်စွာဘုရားကို "မြတ်စွာဘုရား...ဒီနေရာမှာ လမ်းနှစ်လမ်း ဖြစ်နေပါတယ်ဘုရား၊ သံဃာ တော်တွေကို ဘယ်လမ်းက ကြွစေချင်ပါသလဲဘုရား" လို့ မေးလျှောက်ပါတယ်။ မြတ်စွာဘုရားရှင်က "အာနန္ဒာ... ဘယ်လမ်းက ပိုဖြောင့်လဲ"လို့ မေးတော်မူတဲ့အတွက် အရှင်အာနန္ဒာမထေရ်က "မြတ်စွာ ဘုရား....မကွေ့မကောက် ဖြောင့်တဲ့လမ်းက ခရီးအကွာအဝေးအနေနဲ့တော့ ယူဇနာသုံးဆယ်ပဲ

ရှိပါတယ်ဘုရား၊ ဒါပေမဲ့ နတ်ဘီလူးတွေ အုပ်စိုးပြီး အစာရေစာ ရှားပါးတဲ့ လမ်းခရီး ဖြစ်ပါတယ်ဘုရား။ ကွေ့ကောက်ပြီး ပုံမှန်သွားရိုးလမ်းကတော့ ယူဇနာခြောက်ဆယ် ခရီးရှိပြီး ဘေးရန်လဲ ကင်းတယ်၊ အစာရေစာလဲ ပေါ်များပါတယ်ဘုရား”လို့ ပြန်လည် လျှောက်ထားခဲ့ပါတယ်။

ရှင်သီဝလိမထေရ်ရဲ့ ဘုန်းကံအစွမ်း

ဒီအခါ မြတ်စွာဘုရားရှင်က “အာနန္ဒာ....သီဝလိရဟန်းဟာ ငါတို့နဲ့အတူ ပါရဲ့လား” လို့ မေးတော်မူလိုက်ပါတယ်။ အရှင်သီဝလိမထေရ် ပါတဲ့အကြောင်း အရှင်အာနန္ဒာက ပြန်လျှောက်လိုက်တယ်ဆိုရင်ပဲ မြတ်စွာဘုရားရှင်က “အာနန္ဒာ....ဒါဖြင့်ရင် သံဃာတွေဟာ အဖြောင့်လမ်းဖြစ်တဲ့ ဖြတ်လမ်းကိုပဲ ဆက်ခရီးသွားဖို့ ရွေးချယ်လိုက်တော့၊ သီဝလိရဟန်းရဲ့ ကောင်းမှုဘုန်းကံတန်ခိုးကို စုံစမ်းသိရတာပေါ့” လို့ မိန့်တော်မူလိုက်ပါတယ်။ မြတ်စွာဘုရားရှင်ဟာ ရဟန်းသံဃာတွေ ခြံရံပြီး အရှင်သီဝလိမထေရ်ရဲ့ ဘုန်းတန်ခိုးကို စူးစမ်းတော်မူလိုတဲ့အတွက် ဘေးရန်တွေပေါ်ပြီး အစာရေစာ ရှားပါးတဲ့ တောအုပ်လမ်းခရီးကို ကြွချီတော်မူခဲ့ပါတယ်။

တောအုပ်လမ်းဖက် စတက်ပြီးကြွချီတဲ့အချိန်ကစလို့ တောအုပ်ထဲမှာရှိကြတဲ့ နတ်တွေဟာ တစ်ယူဇနာ တစ်ယူဇနာရှိတဲ့အရပ်တိုင်းမှာ မြို့ပြဖန်ဆင်းပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ သီတင်းသုံးနေထိုင်ဖို့ ကျောင်းတွေ စီမံဖန်ဆင်းထားကြတယ်။ နတ်သားတွေဟာ ရှင်ဘုရင်က စေလွှတ်ထားတဲ့ အမှုတော်ထမ်းတွေလို ယာဂုခဲဖွယ်တွေ ကိုင်ထားကြပြီး “အရှင်သီဝလိမထေရ် ဘယ်မှာပါလဲ၊ အရှင်သီဝလိမထေရ် ဘယ်မှာပါလဲ” လို့ မေးမြန်းကာ လိုက်ပါခဲ့ကြတယ်။ အရှင်သီဝလိမထေရ်ဟာ နတ်တွေ လှူဒါန်းတဲ့ ယာဂုခဲဖွယ်စတဲ့ လှူဖွယ်ဝတ္ထု အစုစုကို ခံယူစေပြီး မြတ်စွာဘုရားထံ သွားရောက်ခဲ့ပါတယ်။ မြတ်စွာဘုရားရှင်ဟာ ရဟန်းသံဃာတွေနဲ့အတူ အဲဒီယာဂုခဲဖွယ်ဘောဇဉ်တွေကို ဘုဉ်းပေးသုံးဆောင်တော်မူခဲ့ပါတယ်။

ဒီနည်းနဲ့ပဲ မြတ်စွာဘုရားရှင်ဟာ နတ်တွေက ရှင်သီဝလိမထေရ်ကို လှူဒါန်းတဲ့ လှူဖွယ်ဝတ္ထု အစုစုကို သုံးဆောင်တော်မူကာ နေ့စဉ်နေ့စဉ် တစ်ယူဇနာခရီး ကြွချီတော်မူခဲ့ပြီး၊ ယူဇနာသုံးဆယ်ရှိတဲ့ ကန္တာရခရီးခဲကို တစ်လနဲ့ လွန်မြောက်ခဲ့ကာ အရှင်ရေဝတမထေရ်ရဲ့ ရှားတောကျောင်းကို ရောက်တော်မူခဲ့ပါတယ်။ ဒီ အရှင်ရေဝတကို အခြားအမည်တူ အရှင်ရေဝတတွေနဲ့ ခွဲမှတ်လို့ လွယ်အောင် ရှားတောမှာ နေတဲ့အတွက်ကြောင့် “ခဒိရဝနိယ”လို့ ရှေ့ကဖြည့်စွက်ပြီး အရှင်ခဒိရဝနိယရေဝတ မထေရ်လို့ ပိဋကတ်တော်တွေမှာ သုံးနှုံးထားပါတယ်။

အရှင်ရေဝတမထေရ်လဲ မြတ်စွာဘုရားရှင် ကြွတော်မူမယ်ဆိုတာကို ကြိုသိမြင်ထားတဲ့အတွက် ရှားတောကျောင်းတိုက်မြေနေရာကို တန်ခိုးနဲ့ ညီညာအောင် ပြုပြင်ထားပြီးနောက် ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ အားလုံးဆန့်တဲ့ ကျောင်းဆောင်ကြီးရယ်၊ မြတ်စွာဘုရား သီတင်းသုံးဖို့ ဂန္ဓကုဋိတိုက်တော် ရယ်၊ နေ့သန့်စဉ်ရာဌာန, ညဥ့်သန့်စင်ရာဌာနစတာတွေကို တန်ခိုးနဲ့ ဖန်ဆင်းထားနှင့်ကာ မြတ်စွာဘုရားရှင်ကို ခရီးဦးကြိုဆိုဖို့ ထွက်ကြွခဲ့ပါတယ်။ မြတ်စွာဘုရားရှင်ဟာ တန်ဆာဆင်သပ်ယပ်စွာပြင်ထားတဲ့လမ်းအတိုင်း ကျောင်းတိုက်ထဲကို ကြွဝင်တော်မူခဲ့ပါတယ်။ အဲဒီနောက် မြတ်စွာဘုရားရှင် ဂန္ဓကုဋိတိုက်တော်ထဲ ကြွဝင်သွားတော်မူပြီးတဲ့အခါ ရဟန်းသံဃာတော်တွေလဲ မိမိ ဝါစဉ်အတိုင်း သတ်မှတ်ထားတဲ့ ကျောင်းအိပ်ရာ နေရာဌာန အသီးသီးသို့ ကြွဝင်သွားတော်မူခဲ့ပါတယ်။ နတ်တွေက "ဒီအချိန်ဟာ ဆွမ်းအာဟာရချိန် လွန်သွားပြီ"လို့ သိရှိကြပြီး အပ်စပ်တဲ့ ဖျော်ရည် ရှစ်မျိုး စီမံကာ ဆက်ကပ်ခဲ့ကြလို့ မြတ်စွာဘုရားရှင်ဟာ သံဃာတွေနဲ့အတူ အဖျော်ရေ ဘုဉ်းပေး သုံးဆောင်တော်မူခဲ့ပါတယ်။ ဒီလိုနဲ့ မြတ်စွာဘုရားရှင်ဟာ အရှင်ရေဝတမထေရ်ရဲ့ ရှားတောကျောင်းမှာ သီတင်းသုံးရင်း တစ်လထက်ဝက် ဆယ့်ငါးရက်လောက် အချိန်ကာလ ကုန်လွန်ခဲ့ပါတယ်။

သတိလက်လွတ်ရဟန်းတွေ အထင်လွဲကြ

အဲဒီတုန်းက တစ်ချို့သော စိတ်မတည်ငြိမ် စိတ်ပျံ့လွင့်နေကြတဲ့ ရဟန်းတွေက တစ်နေရာမှာ ထိုင်ပြီး "မြတ်စွာဘုရားရှင်ဟာ 'ငါ့ အဂ္ဂသာဝကရဲ့ ညီထွေးပဲ' ဆိုပြီး ဒီလို အလုပ်များတဲ့ ရဟန်းကို တွေ့ဖို့ ကြွလာခဲ့တာပဲ၊ ဒီ အရှင်ရေဝတရဲ့ ကျောင်းနဲ့ နှိုင်းယှဉ်လိုက်ရင် ဇေတဝန်ကျောင်းတို့၊ ဝေဠုဝန်ကျောင်းတို့ ဆိုတာ စကားတောင် ထည့်ပြောစရာ မလိုတော့ဘူး။ ဒီကိုယ်တော်လေးဟာ ဒီလို ကျောင်းကြီး ၊ ကန်ကြီးတွေ တည်ဆောက်နေပြီး အလုပ်ကိစ္စများတဲ့ ရဟန်းပဲ၊ ဘယ်မှာလာ ရဟန်းတရား အားထုတ်နိုင်ပါ့မလဲ" လို့ အတင်းအဖျဉ်းစကား ပြောဆိုနေခဲ့ကြတယ်။

ဒီအခါ မြတ်စွာဘုရားရှင်ဟာ "ငါ ဒီမှာ ကြာကြာနေရင် ဒီအရပ်ဌာနဟာ လူသူလေးပါး များပြားတဲ့ နေရာဖြစ်တော့မယ်၊ တောနေရဟန်းတွေဆိုတာ လူသူလေးပါး ကင်းဆိတ်တာကိုပဲ လိုလားကြတယ်၊ ရေဝတအတွက် မချမ်းမသာနေရတာ ဖြစ်လိမ့်မယ်" လို့ ဆင်ခြင်တော်မူပြီး အရှင်ရေဝတနေ့သန့်စဉ်ရာ အရပ်ဌာနကို ကြွတော်မူခဲ့ပါတယ်။ အရှင်ရေဝတမထေရ်ဟာ စင်္ကြံအစွန်းမှာ ရှိတဲ့ မှီရာတံကဲပျဉ်ကို မှီပြီး ကျောက်ဖြာထက်မှာ ထိုင်နေရင်းက မြတ်စွာဘုရား ကြွတော်မူလာတာကို အဝေးကနေ မြင်လိုက်တာနဲ့ ထပြီး ခရီးဦးကြိုဆိုကာ ရှိခိုးကန်တော့ခဲ့ပါတယ်။

ဒီအခါ မြတ်စွာဘုရားရှင်က အရှင်ရေဝတမထေရ်ကို "ချစ်သား ရေဝတ....ဒီအရပ် ဒီဒေသဟာ ကြမ်းတမ်းတဲ့ သားရဲတိရစ္ဆာန်တွေ နေတဲ့ နေရာဌာနဖြစ်တယ်၊ ကြမ်းတမ်းတဲ့ ဆင်တွေ၊ မြင်းတွေစတဲ့ သားရဲတိရစ္ဆာန်တွေရဲ့ အသံ ကြားရတဲ့အခါ သင် ဘာ လုပ်သလဲ" လို့ မေးတော်မူပါတယ်။ အရှင်ရေဝတမထေရ်က "မြတ်စွာဘုရား...အဲဒီလို ဆင်းကြမ်း၊ မြင်းကြမ်းစတဲ့ သားရဲတိရစ္ဆာန်တွေရဲ့ အသံ ကြားတဲ့အခါ တပည့်တော်အဖို့ရာ တောမှာ နေရတာ မွေ့လျော်ခြင်းဆိုတဲ့ အရညရတိတရားတွေ ထပ်တလဲလဲ ဖြစ်ပေါ်လာပါတယ်ဘုရား" လို့ လျှောက်ထားခဲ့ပါတယ်။ မြတ်စွာဘုရားရှင်ဟာ အဲဒီ နေရာမှာပဲ အရှင်ရေဝတမထေရ်ကို ဂါထာ ငါးရာနဲ့ တောမှာနေရခြင်းရဲ့ အကျိုးအာနိသင်ကို ဟောကြားတော်မူပြီး၊ နောက်တစ်နေ့မှာတော့ တောကျောင်းနဲ့ မနီးမဝေး နေရာမှာ ဆွမ်းခံ ကြွတော်မူပြီး အရှင်ရေဝတမထေရ်ကို နေရစ်ဖို့ မိန့်တော်မူကာ အပြန်ခရီး စတင်တော်မူခဲ့ပါတယ်။ ဒီအခါ မြတ်စွာဘုရားရှင်ဟာ အရှင်ရေဝတမထေရ်ကို ကဲ့ရဲ့စကားဆိုခဲ့ကြတဲ့ ရဟန်းတွေရဲ့ တောင်ဝှေး၊ ဖိနပ်၊ ထီးစတဲ့ ပရိက္ခရာတွေ မေ့ကျန်ရစ်နေစေဖို့ တန်ခိုးနဲ့ စီမံတော်မူလိုက်ပါတယ်။

အထင်လွဲတဲ့ ရဟန်းတွေ အမြင်မှန်ရ

အပြန်လမ်းခရီးရောက်မှ မိမိတို့ ပစ္စည်းပရိက္ခရာတွေ မေ့ကျန်ခဲ့မှန်း သိကြတဲ့ အဲဒီရဟန်းတွေဟာ လာလမ်းအတိုင်း အရှင်ရေဝတမထေရ်ရဲ့ တောကျောင်းကို ပြန်သွားခဲ့ကြပေမဲ့ သူတို့ နေခဲ့တဲ့ နေရာကို မမှတ်မိနိုင်အောင် ဖြစ်ခဲ့ကြတယ်။ ဟုတ်ပါတယ်၊ အဲဒီရဟန်းတွေဟာ အရင်နေ့တွေကတော့ အရှင်ရေဝတမထေရ် တန်ခိုးနဲ့ဖန်ဆင်းထားတဲ့ တန်ဆာဆင်ယင်ထားတဲ့ လမ်းနဲ့ သွားခဲ့ရတာ ဖြစ်ပါတယ်။ သူတို့ ပစ္စည်းတွေ ပြန်ပြီး သွားယူချိန်မှာတော့ အရှင်ရေဝတမထေရ်က တန်ခိုးကို ပြန်ရုပ်သိမ်းပြီးဖြစ်တာမို့ မူလပကတိရှိခဲ့တဲ့ လမ်းကြမ်းအနေအထားအတိုင်း ပင်ပင်ပန်းပန်း သွားခဲ့ရတာ ဖြစ်ပါတယ်။ တစ်ချို့နေရာတွေမှာ လေးဖက်ထောက် သွားရတယ်၊ တစ်ချို့နေရာတွေမှာ ဆောင့်ကြောင့်ထိုင် ငုံ့သွားရတယ်။ အဲဒီရဟန်းတွေဟာ သစ်ပင်ငယ်တွေ၊ ချုံပုပ်တွေ၊ ဆူးခြောင့်ခလုပ်တွေကို နင်းနယ် ကျော်ဖြတ်ပြီးခါမှ မိမိတို့ နေခဲ့တဲ့ နေရာနဲ့တူတဲ့ နေရာကို ရောက်ခဲ့ကြပြီး ဟိုဟိုဒီဒီ ရှားငုတ်တိုတွေမှာ သူတို့ရဲ့ ထီးတွေ၊ ဖိနပ်တွေ၊ ရေဗူးတွေ၊ တောင်ဝှေးတွေ ချိတ်လျက်အနေအထား၊ ထောင်လျက်အနေအထားနဲ့ တွေ့မြင်ခဲ့ကြရပါတယ်။ အဲဒီအခါကျမှပဲ အဲဒီရဟန်းတွေဟာ "သြော်... အရှင်ရေဝတမထေရ်ဟာ တန်းခိုးရှင်ရဟန်းပေပဲ" လို့ အမှန်အတိုင်း သိရှိလိုက်ကြပြီး သူတို့ရဲ့ ပရိက္ခရာတွေ ယူဆောင်ခဲ့ကြကာ "သြော်...ဒီအရှင်ရေဝတ မြတ်စွာဘုရားအတွက် စီမံထားတဲ့ ပူဇော်သက္ကာရအမှုတွေဟာ အတော်ကို အံ့သြစရာကောင်းပါပေတယ်"လို့ ချီးကျူးစကား ပြောဆိုရင်း သာဝတ္ထိပြည်ကို ပြန်လာခဲ့ကြတယ်။

ရှေ့ကနေ သွားနှင့်ကြလို့ သာဝတ္ထိပြည်ကို ရောက်နှင့်နေကြတဲ့ ရဟန်းတွေကို နောက်တစ်နေ့ ဝိသာခါကျောင်းအမကြီးက သူ့အိမ်မှာ ဆွမ်းစားပင့်ထားလို့ ထိုင်နေကြတဲ့အခါ "အရှင်ဘုရားတို့... အရှင်ရေဝတရဲ့ ကျောင်းက နှစ်သက်သာယာဖွယ် ရှိပါရဲ့လားဘုရား"လို့ မေးလျှောက်ပါတယ်။ ဒီအခါ အရင်ရောက်နှင့်နေကြတဲ့ ရဟန်းတွေက "ဒကာမကြီး... အရှင်ရေဝတရဲ့ကျောင်းတိုက်က နှစ်သက်သာယာဖွယ် ရှိပါတယ်၊ တာဝတိံသာနတ်ပြည်က နန္ဒဝန်ဥယျာဉ်တို့၊ စိတ္တလတာဥယျာဉ်တို့လို့ပါပဲ" လို့ ဖြေခဲ့ကြတယ်။ အဲဒီနောက် ဝိသာခါ ကျောင်းအမကြီးဟာ ရဟန်းအားလုံးရဲ့ နောက်မှ ရောက်လာတဲ့ ပစ္စည်းမေ့ကျန်နေကြတဲ့ရဟန်းတွေကို "အရှင်ဘုရားတို့...အရှင်ရေဝတရဲ့ ကျောင်းတိုက်က နှစ်သက်သာယာဖွယ် ကောင်းပါရဲ့လားဘုရား" လို့ မေးလျှောက်ပြန်ပါတယ်။ ဒီအခါ အဲဒီရဟန်းတွေက "ဒကာမကြီးရာ... မမေးပါနဲ့၊ စကားထဲထည့်ပြောဖို့တောင် မသင့်တဲ့ အရပ်ဒေသဖြစ်ပါတယ်၊ အရှင်ရေဝတနေတဲ့အရပ်ဟာ ကျပ်တီးကုန်းမြေ ဖြစ်တဲ့အပြင် ကျောက်စရစ်ခဲတွေ၊ ကျောက်ခဲတွေနဲ့ အတော့်ကို မညီညာတဲ့ ရှားတောအရပ် ဖြစ်ပါတယ်။ အရှင်ရေဝတဟာ အဲဒီအရပ်မှာ နေရှာပါတယ်" လို့ ဖြေကြားခဲ့ပါတယ်။

ပျော်မွေ့ဖွယ်ကောင်းတဲ့ အရပ်ဒေသ

ဝိသာခါကျောင်းအမကြီးဟာ အရင်ရဟန်းတွေနဲ့ နောက်ရဟန်းတွေရဲ့ ဖြေကြားတဲ့ စကား မတူတာကို ကြားရပြီးနောက် "အဘယ်ရဟန်းတွေရဲ့စကားက အမှန် ဖြစ်မလဲ" လို့ တွေးပြီး အမှန်သိရှိဖို့ အတွက် နေမွန်းလွဲပြီးတဲ့အချိန်မှာ ပန်းနံ့သာတွေ ယူပြီး မြတ်စွာဘုရားကျောင်းတော် သွားရောက်ခဲ့ပါတယ်။ ကျောင်းရောက်တဲ့အခါ မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီး "မြတ်စွာဘုရား...အရှင်ရေဝတမထေရ်ရဲ့ နေရာအရပ်ကို အချို့အရှင်မြတ်တွေက ချီးကျူးကြတယ်၊ အချို့အရှင်မြတ်တွေက ကဲ့ရဲ့ကြပါတယ်၊ အဲဒီလို အဖြေနှစ်မျိုး ကွဲပြားနေရတာဟာ ဘာ့ကြောင့်ပါလဲဘုရား" လို့ မေးလျှောက်ပါတယ်။ ဒီအခါ မြတ်စွာဘုရားရှင်က "ဝိသာခါ...မွေ့လျော်စရာကောင်းတဲ့ အရပ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အကြင်အရပ်ဒေသမှာ အရိယာပုဂ္ဂိုလ်တွေရဲ့ စိတ်ဟာ မွေ့လျော်တယ်၊ အရိယာပုဂ္ဂိုလ်တွေ စိတ်မွေ့လျော်ရာဖြစ်တဲ့ အဲဒီအရပ်ဒေသမျိုးသာ မွေ့လျော်ဖွယ်အရပ် ဖြစ်ပေတယ်"လို့ မိန့်တော်မူပြီး အောက်ပါဂါထာကို ဟောကြားတော်မူခဲ့ပါတယ်--

ဝိသာခါ.... ရွာမှာဖြစ်ဖြစ်, တောမှာဖြစ်ဖြစ်၊ စိမ့်စမ်းတွေ ရေတွေနဲ့ စိမ်းလန်းစိုပြေတဲ့ ချိုင့်ဝှမ်းမှာဖြစ်ဖြစ်, သစ်ပင်မရှိတဲ့ ကုန်းခေါင်ခေါင်အရပ်မှာ ဖြစ်ဖြစ်၊ အကြင်အရပ်မှာ ကိလေသာ အာသဝေါကုန်ခမ်းတဲ့ ရဟန္တာအရှင်မြတ်တွေ သီတင်းသုံး နေထိုင်ကြတယ်။ ရဟန္တာအရှင်မြတ်တွေ သီတင်းသုံးတဲ့ အဲဒီလို နေရာအရပ်ဒေသမျိုးကသာ မွေ့လျော်ဖွယ် ကောင်းတဲ့ အရပ်ဒေသဖြစ်ပေတယ်။

အာရညကင် တောဒင် ရရှိတော်မူပုံ

နောက်ပိုင်းကာလ တစ်ချိန်မှာတော့ အရှင်ရေဝတမထေရ်ဟာ မြတ်စွာဘုရားရှင်နဲ့ နောင်တော်ကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာမထေရ်ကို ဖူးမျှော်ဖို့ရန်အတွက် ကျောင်းအိပ်ရာနေရာတွေ သိုမှီးသိမ်းဆည်းပြီး သပိတ်သင်္ကန်းယူဆောင်ကာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းကို ရောက်လာခဲ့ပါတယ်။ ဇေတဝန်ကျောင်းကို ရောက်လို့ မြတ်စွာဘုရားရှင်နဲ့ အရှင်သာရိပုတ္တရာမထေရ်တို့ကို ရှိခိုးဦးချကန်တော့ပြီး နှစ်ရက်သုံးရက်လောက် နေနေတဲ့အချိန် မြတ်စွာဘုရားရှင်ဟာ အရိယာသံဃာအပေါင်းရဲ့အလယ်မှာ ထိုင်နေတော်မူရင်းက "ချစ်သားရဟန်းတို့...ငါဘုရားရဲ့ တပည့် တောကျောင်းနေရဟန်းတော်တွေထဲမှာ ခဒိရဝနိယရေဝတ-ရှားတောနေ ရေဝတရဟန်းဟာ အမြင့်ဆုံး အသာလွန်ဆုံး ဖြစ်ပါပေတယ်"လို့ အာရညကင် ဓုတင်အရာ အသာဆုံး တောဒင်အရာထား ချီးမြှောက်တော်မူခဲ့ပါတယ်။

အဲဒီနောက်မှာတော့ အရှင်ရေဝတမထေရ်ဟာ မွေးရပ်ဇာတိမြေကို ပြန်ကြွတော်မူခဲ့ပြီး စာလာ၊ ဥပစာလာ၊ သီသူပစာဆိုတဲ့ အမသုံးယောက်ရဲ့ သားတွေဖြစ်တဲ့ တူ သုံးယောက်ကို ရှင်ပြုပေးပြီး ကမ္မဋ္ဌာန်းတရား အားထုတ်စေခဲ့ပါတယ်။ အရှင်မြတ်ရဲ့ တူသာမဏေသုံးပါးတို့ဟာလဲ အရှင်မြတ်သင်ပြပေးတဲ့အတိုင်း ကမ္မဋ္ဌာန်းတရား ကြိုးစားပွားများ အားထုတ်ခဲ့ကြပါတယ်။ အဲဒီအခါမှာပဲ အရှင်ရေဝတမထေရ်မှာ ရောဂါဝေဒနာတစ်ခု ဖြစ်ခဲ့ပါတယ်။ အရှင်ရေဝတမထေရ် မမာမကျန်းဖြစ်တာကို ကြားသိရတဲ့အတွက် အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ "လူမမာမေးဖို့နဲ့ တရားထူးနဲ့ပတ်သက်တာတွေ မေးဖို့ဆိုပြီး အရှင်ရေဝတမထေရ်ထံ ကြွလာခဲ့ပါတယ်။

အရှင်သာရိပုတ္တရာမထေရ် ကြွလာတာကို အရှင်ရေဝတ အဝေးကနေ မြင်လိုက်တာနဲ့ သူ့ရဲ့တူတပည့်သုံးပါးတို့ကို "အလွန်ထက်မြက်တဲ့ဉာဏ် ထွင်းဖောက်နိုင်တဲ့ဉာဏ်တွေနဲ့ ပြည့်စုံတဲ့ သင်တို့ရဲ့ဦးရီးတော်မထေရ် ကြွလာနေပြီ၊ ဒါ့ကြောင့် သမဏသညာကို ဖြစ်စေပြီး သတိသမ္ပဇဉ်နဲ့ယှဉ်ပြီးတော့နေကြ" လို့ တရားလက်လွတ်မနေဖို့ရန် ဆုံးမဩဝါဒ သတိပေးစကား ပြောကြားခဲ့ပါတယ်။ အရှင်ရေဝတမထေရ်ရဲ့ ဆုံးမစကားကို နာကြားပြီးတဲ့နောက် တူသာမဏေ သုံးပါးတို့ဟာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို ခရီးဦးကြိုဆိုခြင်းစတဲ့ ဝတ္တရားတွေ ပြုလုပ်ပြီးနောက် ဦးရီးတော်မထေရ်နှစ်ပါး အပြန်အလှန် ပဋိသန္ထာရ နှုတ်ဆက်စကား ပြောဆိုဆွေးနွေးနေတဲ့အခါ မနီးမဝေး တစ်နေရာမှာ သမာပတ်ဝင်စားပြီး တရားသတိနဲ့ ထိုင်နေခဲ့ကြတယ်။ အရှင်သာရိပုတ္တရာမထေရ်လဲ အရှင်ရေဝတနဲ့ နှုတ်ဆက်စကား ပြောကြားပြီးတဲ့နောက် တူရှင်သာမဏေသုံးပါးထံ ကြွပြီး "ကိုရင်တို့ ဘယ်လိုနေခြင်းမျိုးနဲ့ နေနေကြသလဲ"လို့ မေးတော်မူပါတယ်။ ဒီအခါ တူရှင်သာမဏေသုံးပါးက ဦးရီးတော်

အရှင်ရေဝတ မထေရ် ဆုံးမတဲ့အတိုင်း အမြဲတမ်း သတိကပ်ပြီး တရားနှလုံးသွင်းကာ နေထိုင်တဲ့ အကြောင်း ပြန်လည်လျှောက်ထား ဖြေဆိုခဲ့ကြတယ်။ ဒီအခါ အရှင်သာရိပုတ္တရာမထေရ်ဟာ "ငြော် ဒီလို ငယ်ရွယ်တဲ့ပုဂ္ဂိုလ်တွေကိုတောင် ယခုလို တရားထူးတွေ ရအောင် ဆုံးမနိုင်တဲ့ ငါ့ညီတော်မှာ လောကုတ္တရာတရားကိုးပါးအား လျော်ကန်လျောက်ပတ်တဲ့ အကျင့်မြတ် ထင်ရှားရှိနေပါပြီ" လို့ ကျေနပ်အားရတော်မူကာ အရှင်ရေဝတမထေရ်ကို ချီးကျူးစကား ပြောကြားပြီး ပြန်ကြွသွားတော်မူခဲ့ပါတယ်။

နိဂုံး

"နနယ်ရပ်ဆင်း၊ ပျိုမြစ်ခြင်းကား၊ အိုခြင်းနောက်ဆုံး၊ ရှိချေ၏။" ဆိုတဲ့ သံဝေဂလင်္ကာနဲ့အညီ ယောနိသော မနိသကာရ ဉာဏ်မျက်လုံးနဲ့ နှလုံးသွင်းဆင်ခြင်နိုင်ခဲ့မှုကို အကြောင်းခံပြီး ရဟန္တာဖြစ်တော်မူခဲ့တဲ့ အရှင်ရေဝတမထေရ်လို မိမိတို့ နေ့စဉ်ကြုံတွေ့နေရတဲ့ အာရုံတွေကို ယောနိသော မနသိကာရဖြင့် မှန်ကန်စွာ နှလုံးသွင်းအသိပွားနိုင်ကြပါစေ။ ပျိုမြစ်မှုမာန်၊ ကျန်းမာမှုမာန်၊ အသက်ရှင်မှုမာန်တွေကို ယောနိသော မနသိကာရအမြင်နဲ့ အမှန် အတိုင်းမြင်အောင် ကြည့်နိုင်ပြီး အတ္တ နဲ့ ပရ၊ လောက နဲ့ သာသနာ နှစ်ဖြာကောင်းကျိုးတွေ တိုးပွားအောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းအာသီသပြုရင်း ဒီတစ်ပတ်သင်တန်းကို နိဂုံးချုပ် လိုက်ပါတယ်။

ကျမ်းကိုး---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ၊ ပထမတွဲ။

၂။ ထေရဂါထာပါဠိ၊ ၎င်း အဋ္ဌကထာ၊ ပထမတွဲ၊ ဒုတိယတွဲ။

၃။ အပဒါန်ပါဠိတော်၊ ၎င်း အဋ္ဌကထာ ဒုတိယတွဲ။

၄။ ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယတွဲ။

၅။ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ၊ ပထမပိုင်း။

အရှင်နေမိန္ဒာဘိဝံသ

ခေတ္တ - မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ၊

35691, Palomres Road, Castro Valley, C.A 94552, U.S.A

၁၃၈၀-ပြည့်နှစ်၊ နယုန်လပြည့်ကျော်(၁၀)ရက်၊ (8/6/2018) ည ၉း၃၇။